ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No. 6 Dong Zhi Men Wai Street, Chao Yang District,
Beijing 100600, People's Republic of China
Tel : 0086 10 6532 0351, 6532 0412
Fax : 0086 10 65320408

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက်
## ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်း အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာခြင်း
## (ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၂ ရက်)

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအနက်မှ ပုံစံ (၁၅) ဖြင့် ကြိုတင်ဆန္ဒမဲပေးရန် လျှောက်ထားခဲ့သည့် မြန်မာနိုင်ငံသား (၂၆၄) ဦးအနက်မှ မဲပေးပိုင်ခွင့်ရှိသူ (၂၅၅) ဦး ရှိခဲ့သဖြင့် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းများကို ၁၀-၁၀-၂၀၂၀ ရက် (စနေနေ့) နှင့် ၁၁-၁၀-၂၀၂၀ ရက် (တနင်္ဂနွေနေ့) တို့တွင် နံနက် ၀၉၀၀ နာရီမှ ညနေ ၁၇၀၀ နာရီအထိ မြန်မာသံရုံး၊ ပေကျင်းမြို့၌ မဲရုံဖွင့်လှစ်၍ အောင်မြင်စွာ ကျင်းပပြုလုပ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယင်းကဲ့သို့ ဆောင်ရွက်ခဲ့ရာတွင် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၂၅၅) ဦး အနက်မှ မဲရုံဖွင့်လှစ်သည့် နေ့ရက်များတွင် မြန်မာသံရုံးသို့ လာရောက်၍ ဆန္ဒမဲပေးသူ (၁၇၇) ဦး ရှိခဲ့ပြီး (၇၈) ဦးမှာ ဆန္ဒမဲလာရောက်ပေးနိုင်ခြင်း မရှိခဲ့ကြောင်းနှင့် ဆန္ဒပြုပြီး ကြိုတင်မဲလက်မှတ်များနှင့် အသုံးမပြုခဲ့သည့် ကြိုတင်မဲလက်မှတ်များကို ယနေ့ ၁၂-၁၀-၂၀၂၀ ရက်နေ့တွင် DHL စနစ်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် မြန်မာသံရုံး၊ ပေကျင်းမြို့၌ အောင်မြင်စွာကျင်းပပြုလုပ်ပြီးစီးခဲ့သည့် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်သူများနှင့် မြန်မာသံရုံးသို့ လာရောက်၍ ဆန္ဒမဲပေးသူ မြန်မာနိုင်ငံသားများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ ပေကျင်းမြို့

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING